## ရှုပ်ပုံ ရှင်ကျင့်ဝတ်

# အခြေခံ နိဒါန်း

---

**ရှင်သာမဏေ အစ။** ။ဘုရားပွင့်တော်မူစဉ် သာသနာဝင်လို သူများသည် ရှင်သာမဏေ ဘဝ၌ ရပ်နားခြင်းမရှိဘဲ တခါတည်း ရဟန်းဘဝသို့ ရောက်ကြကုန်၏၊ နောက်မှသာ "အသက်-၂၀ မပြည့်လျှင် ရဟန်းမပြုရ" ဟု ပညတ်တော်မူသောကြောင့် ရှင်သာမဏေများ ဖြစ်ပေါ်လာ ရပေသည်။ ထိုအခါ သာမဏေအရွယ် အစားစား ရှိနေပြန်ရာ အမျိုးတမျိုး၌ "အဟိဝါတ" မည်သော ကူးစက်တတ်သော ရောဂါကြောင့် တမျိုးလုံး သေဆုံး၍ သားအဘ ၂-ယောက် သာ ကျန်ရစ်သဖြင့် ထိုသားအဘ ၂-ယောက်လုံးပင် ရှင် ရဟန်း ပြုကြလေသည်။

ထိုနောက် နံနက်အခါ ဆွမ်းခံသွားလတ်သော် အဘ ရဟန်းအား ဆွမ်းလောင်းသောအခါ နောက်ကျန်ရစ်သော သား ကိုရင်ကလေးသည် ပြေးလာ၍ "အဘော....အဘောရတဲ့ ထမင်းကို ကျုပ်လဲ ပေးပါဦး" ဟု တောင်းရှာ၏၊ ထိုသို့ဖြစ်ပုံကို မြင်၍ သနားတတ်သူတို့က သနားကြမည် ဖြစ်သော်လည်း အတွေးနက်သူတို့ကမူ "ဤရဟန်းတွေဟာ မေထုန်ကို မရှောင် ကြ၊ ဒီ ကိုရင်ကလေးလဲ ဘိက္ခုနီမက မွေးတာဘဲ" ဟု အလွဲ ထင်၍ ပြစ်တင် ကဲ့ရဲ့ကြလေသည်။ ထိုအကြောင်းကို ဘုရားရှင်